လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## မြန်မာ့အရေးနှင့်ပတ်သက်၍ အလွတ်သဘောဆွေးနွေးရန်
## ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အပေါ် သဘောထား

မြန်မာ့အရေးနှင့်ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၅)နိုင်ငံက 'အလွတ်သဘောဆွေးနွေးရန်' တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်ကို မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက လှိုက်လှဲစွာ ထောက်ခံကြိုဆို ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အလွတ်သဘောဆွေးနွေးရန် သဘောတူညီချက်သည် လက်တွေ့ကျသော ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် မိမိတို့က မှတ်ယူပါသည်။ အထူးသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၀၅ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော "အထူးမေတ္တာရပ်ခံပန်ကြားချက်" ကို အလေးဂရုပြုသည့် တုန့်ပြန်ဆောင်ရွက်ချက်ဖြစ်သည်ဟု နားလည်ယူဆပါသည်။

ထို့အပြင် ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးနှင့် ချက်နိုင်ငံသမ္မတဟောင်း မစ္စတာ ဟာဗယ်လ်တို့ တင်ပြအကြံပြုသကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (နအဖ)စစ်အစိုးရတို့ 'တွေ့ဆုံဆွေးနွေးရေး' လက်တွေ့ဖြစ်မြောက်နိုင်မည့် နည်းလမ်းကောင်းများ ရရှိလာလိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်ပါသည်။

"တွေ့ဆုံဆွေးနွေးအဖြေရှာရေး"ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစဉ်တစိုက်ပန်ကြားနေပြီး၊ အမြန်ဆုံးတွေ့ဆုံ ဆွေးနွေးကြရန် ရဟန်းရှင်လူပြည်သူအပေါင်းက တခဲနက်တောင့်တနေကြသည့် ကိစ္စလည်း ဖြစ်ပါသည်။

သို့ပါ၍ အမျိုးမျိုးလှည့်ပတ်တိမ်းရှောင်နေသော (နအဖ)စစ်အစိုးရကို တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းသို့ ရောက်ရှိလာစေရန်အတွက် အဓိက ဦးတည်ချက်ထားဆောင်ရွက်ပေးပါရန်၊ လုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၅)နိုင်ငံနှင့် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ထံ မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက အလေးအနက် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၅ခုနှစ်၊ ဒီဇင်ဘာလ(၄)ရက်။